ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၇.၁၂.၂၀၁၉)ရက်နေ့တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းတင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေး နှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆို ဖြစ်ပါ တယ်။ ယခု ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ အပိုဒ်(၈)တွင် ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာန/ အဖွဲ့အစည်းများ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း များ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ တင်ဒါ လက်ခံရေး နှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းရမည်ဟု ဖော်ပြချက်အရ ပြည်နယ်အဆင့် အဆိုပါစီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ် သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းပေးခြင်းဖြင့် အဆိုပါ မြို့နယ်များ၏ ဒေသဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၌ စံချိန်စံညွှန်းများ မီ/မမီ၊ ကောင်း/ မကောင်းတို့ကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နိုင်မည်ဟု ယူဆပါတယ်။ သာဓကအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့ရဲ့ စာအမှတ် ၅/ ဖ၂- ဖ/ ဦး(၁၀၈၂) ရက်စွဲ ၊ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် ရက်စွဲပါစာအရ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ် ရေးကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သာကိုယ်စားလှယ် တို့ကိုပါ ထည့်သွင်းဖွဲ့စည်းထားသည်ကို တွေ့ရှိရပါတယ်။

ထို့အပြင် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတွင်လည်း တပ်မတော်သားကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၇တွင် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းခြင်းမပြုလုပ်ရဟု မပါရှိတဲ့အတွက် သဘောရိုးဖြင့် တိုက်တွန်းကြောင်းအဆိုကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အများပြည်သူသိရှိရန်အတွက် အထက်ဖော်ပြပါ ပြည်နယ်အဆင့်တင်ဒါကော်မတီများတွင် ဆက်စပ်မြို့နယ်များမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကို လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ယနေ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းတဲ့ **"ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှုဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသောအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၁၈.၁၂.၂၀၁၉)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"**အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထား ပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ရှေ့ဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏**"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေး ကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ (Budget) ငွေလုံးငွေရင်းဖြင့် ခွင့်ပြုပေးသော မည်သည့်စီမံကိန်းလုပ်ငန်းကိုမဆို၊ ပစ္စည်းဝယ်ရေးတွင်မဆို ဆောင်ရွက်ခွင့်ပြုပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြား

ချက်အမှတ် (၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။

အလားတူ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတရုံးက (၅- ၄- ၂၀၁၃) ရက်စွဲပါ ညွှန်ကြားစာအမှတ် (၁/ ၂၀၁၃)ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာ ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်ကို (၉.၁.၂၀၁၄) နှင့် (၆.၉.၂၀၁၆)ရက်တို့တွင် ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ယင်းကဲ့သို့ ထုတ်ပြန်ရခြင်းမှာ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကိုတစ်ဦးတစ်ယောက်အားဖြစ်စေ၊ အစု အဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းဖြစ်ရန်အတွက် ရည်ရွယ်၍ ထုတ်ပြန်ခြင်း ဖြစ်ပါတယ်။

၎င်းအပြင် တင်ဒါအောင်မြင်သည့်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့အစည်း အကြီးအကဲအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ လုပ်ငန်းအရ ပတ်သက်ခြင်းတွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြ၍ ခွင့်ပြုချက်ရယူ ရမည်ဟူ၍လည်းကောင်း၊ တင်ဒါရွေးချယ်မှုကို မလျော်သြဇာသုံး၍ တစ်နည်းနည်းဖြင့်

လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရမည်ဟုပါရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလအတောအတွင်းတွင် လာမည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တင်ဒါခေါ်ယူဖွင့်လှစ်တဲ့ ကာလလည်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၃.၁၂.၂၀၁၉) ရက်နေ့တွင် ရှမ်း (မြောက်)လမ်းဦးစီးဌာနက လားရှိုးမြို့တွင် တင်ဒါစိစစ်ရွေးချယ်ပွဲ ကျင်းပပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်လည်း အခြားလွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါတယ်။

တင်ဒါစိစစ်ပွဲမှာ ကုမ္ပဏီများရဲ့ (Technical Proposal )ကို ပထမစိစစ်ပြီး အောင်မှတ် ၄၀ ရရှိတဲ့ ကုမ္ပဏီများကို (ဒုတိယ)အနေနဲ့ Price Proposal ထပ်မံစိစစ်ပါတယ်။ ရမှတ် နှစ်ခုပေါင်းပြီး ကော်မတီရဲ့ သုံးသပ်ချက်နှင့် တင်ဒါအောင်မြင်သူကို ကြေညာရမှာ ဖြစ်ပါတယ်။ ဒါဟာ အထိုက်အလျောက်တော့ ပွင့်လင်းမြင်သာမှုရှိတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ သို့သော် Technical Proposal နှင့် Price Proposal မှာ ဘယ်လိုနည်းစနစ်နဲ့ အမှတ်ပေးတယ် ဘာကြောင့် ပေးတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ မသိရပါဘူး။ အလားတူ လွန်ခဲ့သည့်နှစ် ကျောက်မဲတွင် ပြုလုပ်သည့် ပစ္စည်းတင်ဒါမှာလည်းပဲ ကျွန်တော်တက်ရောက်ခဲ့ဖူး ပါတယ်။ ဒါကိုလည်း ဘယ်လိုစနစ်နဲ့ ဘယ်လိုရွေးချယ်ခဲ့တာကို သိရှိရခြင်းမရှိပါဘူး။ ဖြစ်နေ တာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို ဗန်းပြ ခေါ်ယူပြီး အရှေ့မှာထိုင်ခိုင်းသည့် သဘောပဲ ဖြစ်နေပါတယ်။ နောက်တစ်ခု ဆွေးနွေး လိုတာက ပြည်ထောင်စုဘတ်ဂျက် ဖြင့်ဆောင်ရွက်တဲ့ လုပ်ငန်းများရဲ့ တင်ဒါစိစစ်မှုကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ လုံးဝမသိရှိရပါဘူး။ ပြည်ထောင်စုဘတ်ဂျက် ဆိုပေမဲ့ နယ်မြေဒေသတွင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သောကြောင့် မိမိအနေဖြင့် သိခွင့် ရှိသည်ဟု ယူဆပါတယ်။

သာဓကအနေနဲ့ပြောရရင် နမ့်ဆန်မြို့နယ်မှာလွန်ခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်း(၁၁)ခုအတွက် ကုမ္ပဏီတော်တော် များများကလုပ်ငန်းတွေ ရရှိခဲ့ကြပါတယ်။ အဲ့ဒီလို ကုမ္ပဏီတွေထဲက တစ်ချို့ကုမ္ပဏီဆိုလျှင် မြင်လည်း မမြင်ပါဘူး၊ သိလည်းမသိဘူး ဖြစ်နေပါတယ်။ လုပ်ငန်းဆောင်ရွက်ဖို့ ကွင်းဆင်း

ကြည့်ရှုစစ်ဆေးသည့် ခေတ်ပုံမှတ်တမ်းနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ထောက်ခံချက်လည်းမယူကြပါဘူး။ ဘယ်လိုနည်းနဲ့ရကြသည်ကို ကျွန်တော်တို့ မသိပါဘူး။ လုပ်ငန်းလာလုပ်မှ သိရတဲ့အနေအထားဖြစ်တယ်။ ဒါဟာ Transparency လို့ခေါ်တဲ့ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ယူဆပါတယ်။ ပြည်နယ်မှာ အထိုက်အလျောက်ပွင့်လင်းမြင်သာမှုရှိသော်လည်းပဲ ပြည်ထောင်စု အဆင့်မှာ ပွင့်လင်းမြင်သာမှု လုံးဝကင်းမဲ့နေတယ်ဆိုတာ ကျွန်တော်တင်ပြလိုပါတယ်။ အဲ့ဒီ မနှစ်ကရတဲ့ ကုမ္ပဏီထဲက Autumn Dream ဆိုသည့်ကုမ္ပဏီဟာ ဘယ်သူဘယ်ဝါမှန်းတောင် မသိရဘူး၊ လူလည်းမမြင်ဖူးပါဘူး။ အခုထက်ထိလည်း မမြင်ဖူးပါဘူး။ လုပ်ငန်းသာ ပြီးသွားပါတယ်။ လုပ်ငန်းပြီးသော်လည်း မမြင်ဖူးသည့်အကြောင်းကို ပြောရသည့်အကြောင်းမှာ အဲ့ဒီ လုပ်ငန်းကို သူတို့ကိုယ်တိုင်မလုပ်ပါဘူး။ တင်ဒါအောင်ပြီး Sub Contract ကို ပေးပါတယ်။ ၎င်း Sub Contract က Next Sub Contract ကို ပြန်ပေးပါတယ်။ Sub Contract (၃)ခု ဖြစ်သွားပါ တယ်။ အဲ့ဒီလမ်းဟာ လွမ်ကြူ- ကျောက်ဖြူလေး ကျောက်ချောလမ်း (၂)မိုင် ဖြစ်ပါတယ်။ အဲ့ဒီလမ်းကို Sub Contract (၂)ခုပေးလိုက်တဲ့အခါ လမ်းလုပ်သားတွေက ကျောက်တောင်မှာရှိတဲ့ ကျောက်ရောမြေကို Backhoe နဲ့ကုတ်၊ ကျောက်သယ်ကားနဲ့ တင်ပြီး၊ လမ်းဘေးမှာ အပုံလိုက်ပုံပြီးတော့သွားပါတယ်။ ပြီးတော့မှ အလုပ်သမားတွေကို ခေါ်ပြီးတော့မှ လမ်းပေါ်မှာ ဖြန့်ခိုင်းပါတယ်။ ကျွန်တော်တို့ ခေတ်ပုံမှတ်တမ်းရှိပါတယ်။ လမ်းတွေဟာ ဘာနဲ့တူလဲဆို ပုဆိုးကွက်နဲ့တူပါတယ်။ အကွက်လိုက်အကွက်လိုက် ဖြစ်နေပါတယ်။ အဲ့တော့ ကျွန်တော် သွားကြည့်တဲ့အခါမှာ ဒါဟာကျောက်ချောလမ်းဆိုတော့ ဟုတ်ပါတယ်တဲ့။ ဘယ်မှာလဲ သူတို့အောက်မှာခင်းထားတဲ့ 4×2 တို့ 3 အောက်တို့ 1×2 တို့ Chipping တို့ “B” ကျောက်တို့ဆိုတာ မတွေ့ရပါဘူး။ အဲ့ဒီလိုပဲ လုပ်သွားပါတယ်။ အဲ့ဒါကို ခေတ်ပုံမှတ်တမ်းနှင့်တကွ လားရှိုးမြို့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွဋ်ဆီ တင်ပြပါတယ်။ ဦးအောင်ထွဋ်ကလည်း ကျောက်မဲခရိုင် ဦးစီးမှူး ဦးကျော်ဆွေလင်းနဲ့အတူ ကွင်းဆင်းပြီးတော့ အဲ့ဒီအထိသွားကြည့်ပါတယ်။ သွားကြည့်သည့်အခါ တကယ်လည်းမြင်ပါတယ်။ မြင်သည့်အခါ နမ့်ဆန်က န.တ.လ တာဝန်ခံ (AD)ကို ခေါ်ပြီးတော့ ကျွန်တော်တို့ အရှေ့မှာ ဆူပါတယ်။ ဆူပြီးတော့ န.တ.လ (AD) ကိုယ်တိုင်ကိုပဲ အဲ့ဒီရွာမှာ စတည်းချပြီး လုပ်ခိုင်းပါတယ်။ ပထမခင်းထားသည့် ကျောက်တွေကို အကုန်လုံးပြန်ထိုးခွာပြီးတော့ သတ်မှတ်သည့်အတိုင်း 4×2 (၂)လွှာ 1×2 ၊ 3 အောက် နောက်တစ်ခါ “B”ကျောက်စသဖြင့် အဆင့်ဆင့် လုပ်သည့်အခါ အခုလမ်းတော့ ပြီးသွားပါပြီ။ အချိန်တော့

နည်းနည်းကြာသွားပါတယ်။ ဆိုလိုတာက မမြင်ဖူး မတွေ့ဖူးတဲ့ ကုမ္ပဏီတွေ ကျွန်တော်တို့ ထောက်ခံလို့ တင်ဒါရသည့် ကုမ္ပဏီတွေ မဟုတ်ဘဲနဲ့ ဆွဲကြစတမ်းဆို လူကြီးနာမည်သုံးပြီးဆွဲကြပါတယ်။ ပြောတာကတော့ Autumn Dream ဟာ ဒုဝန်ကြီး ကုမ္ပဏီလို့ပြောပါတယ်။ ဘယ်ဒုဝန်ကြီးလဲ ကျွန်တော်မသိပါဘူး။ အဲ့လိုနဲ့ ကျွန်တော်တို့ကို ဖြဲချောက်ပြီးတော့မှ လာပြောပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကိုယ်တိုင်ကိုယ်ကျ မသိဘဲနဲ့ လာလုပ်တဲ့ကုမ္ပဏီတွေဟာ များသောအားဖြင့် တင်ဒါဆွဲတယ်။ တစ်ဆင့်ပြန်ရောင်း ချတယ်။ ပြန်ရောင်းချသည့်သူက တစ်ဆင့် Sub Contract ပြန်ပေးတယ်။ အဲ့လိုဖြစ်တဲ့ အခါကျတော့ လမ်းက လုံးဝမကောင်းပါဘူး။ သွားကြည့်တဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေမှာ အပြစ်ဖြစ်နေပါတယ်။ ကျွန်တော်တို့ပဲ လူဆိုးတွေဖြစ်နေပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ပြည်ထောင်စုအဆင့်မှာတောင် (၁/၂၀၁၇) ညွှန်ကြားချက်အတိုင်း လိုက်နာမှုမရှိဘဲ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းရသည့် ကုမ္ပဏီတော်တော်များများဟာ သူတို့နှင့်ဆက်နွယ်နေသည့် အဖွဲ့အစည်း တွေပဲရတာများပါတယ်။

ခုနကျွန်တော်ပြောတဲ့ Autumn Dream ကုမ္ပဏီဟာ မနှစ်က နာမည်ပျက်နဲ့နေခဲ့သလို စိတ်မကောင်းစွာနဲ့ပဲ ဒီနှစ်လည်း ထပ်ရပါတယ်ခင်ဗျား။ ၂၀၁၉- ၂၀၂၀ လုပ်ငန်းမှာ ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ Box Culvert (၅)ခု ပြန်ရပါတယ်။ ကျွန်တော်တို့ ထပ်ပြီးတော့ စကားများအုံးမည့်အနေအထား ဖြစ်ပါတယ်။

အဲ့တော့ ဒီကိစ္စကို ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ခုမှာ ကျွန်တော်ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခဲ့ဖူးပါတယ်။ ပြည်ထောင်စုအစိုးရက တင်ဒါအောင်မြင်စေတဲ့ ဒီကုမ္ပဏီတွေဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ထောက်ခံချက်မပါဘဲနဲ့ ဘယ်လိုနည်းနဲ့ ရသွားသလဲ။ ကျွန်တော်တို့ ပြည်နယ်အဆင့်ကျတော့ ကျွန်တော်တို့ဆီမှာ ထောက်ခံချက်ယူပြီးတော့မှ တင်ဒါတင်ကြတာများပါတယ်။ အဲ့တော့ အဲ့ဒါကို ဘယ်လိုဆောင်ရွက်ပေးမလဲဟု ကျွန်တော် မေးဖူးပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဒါဟာ ပြည်ထောင်စုဘတ်ဂျက် ဖြစ်တဲ့အခါကျတော့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်နဲ့ပဲ သက်ဆိုင်ပါတယ်ဆိုပြီး အဲ့လိုပြန်ဖြေပါတယ်။ ကျွန်တော်ဆိုလိုတာက နိုင်ငံတော်ကိစ္စဆိုလိုရှိရင်

နိုင်ငံတော် ကောင်းဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်တွေက အကြံပြုခွင့် မရှိတော့ဘူးလား။ ပြည်ထောင်စုရယ်ဆိုပြီး ကြိုက်သလို လွှတ်ထားလိုက်ရတော့မလားဆိုတဲ့ အတွေးများ ပေါက်လာတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ပွင့်လင်းမြင်သာမှု မရှိတဲ့ကိစ္စကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က ဘယ်လိုထိန်းကျောင်းမလဲ၊ ပြည်ထောင်စုအဆင့်ဖြစ်ဖြစ်၊ ပြည်နယ် အဆင့်ဖြစ်ဖြစ် ဘယ်အဆင့်ဖြစ်ဖြစ် ကျွန်တော်တို့ အကြံမပြုနိုင်ဘူးလားဆိုတဲ့ မေးစရာဖြစ်နေ ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ပြည်ထောင်စုအဆင့်သော်လည်းကောင်း၊ ပြည်နယ်အဆင့်သော်လည်းကောင်း တင်ဒါဆွဲယူသည့် ကုမ္ပဏီမှန်သမျှ ၁/ ၂၀၁၇ နိုင်ငံတော် သမ္မတရုံးက ကြေညာချက်အတိုင်း တိတိကျကျ လိုက်နာပေးဖို့နဲ့ ပွင့်လင်းမြင်သာစွာနဲ့ ပြည်နယ်အဆင့်မှာ သော်လည်းကောင်း၊ ပြည်ထောင်စုအဆင့်မှာ သော်လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များကို တင်ဒါစိစစ်ရေးကော်မတီအဆင့်ဆင့်မှာ ပါဝင်သင့်ကြောင်း တင်ပြရင်း ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက် ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုး က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ များတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်း များအနေဖြင့် တင်ဒါများအား ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန် တင်ဒါကို တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြင့် ရည်ရွယ်၍ ဤလုပ်ထုံး ၁/၂၀၁၇ ကိုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ဆောက်လုပ်ရေး၊ လမ်းတံတားများ၊ အဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဝန်ထမ်းဆောင် အစရှိသောလုပ်ငန်းများကို လုပ်ဆောင်ခွင့်ရရှိသော ကုမ္ပဏီများမှ ဘယ်ကုမ္ပဏီ၊ အရည်အသွေးကောင်း၊ လုပ်ဆောင်ချက် ကောင်းတယ်ဆိုတာ ဒေသခံကိုယ်စားလှယ်များ ကွင်းဆင်းစိစစ်ရာတွင် သိရှိပြီးဖြစ်ပါတယ်။

ကုမ္ပဏီများအနေဖြင့် တင်ဒါအောင်နိုင်ရေးအတွက်ပဲ ဦးစားပေးဆောင်ရွက်ကြပြီး လုပ်ငန်းလုပ်ဆောင်မှုတွေမှာ အားနည်းချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ မရှိတာကို တွေ့ရပါတယ်။ တင်ဒါအောင်မြင်နိုင်ဖို့အတွက်လည်း အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်း ကြောင့် R & E တို့၊ ဆိုဒ်အင်ဂျင်နီယာတို့ စာရင်းတွင်သာပါရှိပြီး လုပ်ငန်းအကောင်အထည်ဖော် ချိန်မှာ မတွေ့ရှိရတော့ပါဘူး။ ကုမ္ပဏီက Guarantee အနေဖြင့် တစ်နှစ်ပေးထားသော်လည်း လုပ်ငန်းပြီးဆုံး ပြီးပြန်လည်ပြုပြင်ပေးရန် လိုအပ်လျှင်လည်း ဆက်သွယ်ရန်ခက်ခဲလှပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဘတ်ဂျက်လေလွင့်မှု အနည်းဆုံးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်း များ လွှတ်တော်တာဝန်တွင်ပါရှိသည့်အတွက် ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ တင်ဒါလက်ခံ ရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းခြင်းဖြင့် ပိုမိုအကျိုးရှိစွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ သို့ပါသောကြောင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းတင်သွင်းတဲ့ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး**

**ကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အရပ်သားအစိုးရလက်ထက်မှာ ခေတ်အဆက်ဆက်ကထက် ပြည်သူလူထုရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲ့ဒီလို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အထဲကမှ ဥပမာအနေနဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လမ်းတံတားတည်ဆောက်ရေး၊ လျှပ်စစ်မီးရရှိရေးတို့မှာ အကောင်အထည် ပိုမိုဆောင်ရွက်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့သလို ဆောင်ရွက်ပေးသည့်နေရာမှာ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မဖြစ်စေရေးနှင့် အရည်အသွေးတိကျသည့် ခိုင်မာသည့် တာရှည်ခိုင်ခံ့မှု ဖြစ်ပေါ် စေရေးအတွက်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အားလုံးပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပူးပေါင်းဆောင်ရွက်မှုတွေ အားနည်းခဲ့သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းတွေဟာ အချိန်တိုအတွင်းမှာ ပျက်စီးယိုယွင်းသွားတာတွေ ကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲ့သလို ပျက်စီးယိုယွင်းတဲ့ဟာတွေကို ကျွန်တော်တို့က ဥပမာများယူပြီး သင်ခန်းစာကောင်းများအဖြစ်ယူပြီးတော့ ကျွန်တော်တို့

လက်ရှိတာဝန်ရှိသူများ အားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အရည်အသွေးကောင်းပြီး တာရှည်စံချိန်စံညွှန်းကိုက်ညီ သည့် ပြည်သူရဲ့ အဆောက်အအုံများ ကျန်ရှိမှာ ဖြစ်ပါတယ်။ အဲ့သလို ကျန်ရှိဖို့ဆိုရင်တော့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုခဲ့သည့် အဆိုများကလည်း အဆိုအားလုံး မဟုတ်တောင်မှ တစ်ချို့သော အဆိုများဟာ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိမှာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဘာကြောင့်မို့ ဒီလိုပြောသလဲဆိုရင် ဥပမာအနေဖြင့် ကျွန်တော်တို့ အဆိုတစ်ခုတည်းကဖြစ်တဲ့ ဖယ်ခုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို့ တင်သွင်းခဲ့သည့် အဆိုတစ်ခုဖြစ်သည့် ကျွန်တော်တို့ တင်ဒါအဆင့်တွေ ပြီးစီးကြောင်း အလုပ်အကိုင်တွေ ကုမ္ပဏီများကနေပြီးတော့မှ အဆင့်ဆင့်ငွေထုတ်သည့်အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်ပါ ရမယ်ဆိုသည့် အဆိုဟာ ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုနိုင်တဲ့အတွက် အဲ့အဆို အတည်ပြုပြီးတဲ့နောက်ပိုင်းမှာ ကုမ္ပဏီတစ်ချို့ဟာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက် အမှန်ကန်ယူပြီး ဆောင်ရွက်ရတဲ့ နေရာမှာ လွယ်ကူခဲ့တာတွေကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါပေမဲ့လည်း တချို့တချို့သော ကုမ္ပဏီများက ကျွန်တော့် အရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြဆွေးနွေး သွားသလို ယနေ့အချိန်ထိ နယ်မြေခံလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သိရှိခြင်းတောင်မရှိ၊ အသိပေးခြင်း တောင်မရှိဘဲနဲ့ လုပ်ငန်းအဝဝကို ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒီလိုအခက်အခဲ မျိုးတွေ၊ ပြဿနာမျိုးတွေ မဖြစ်ပေါ်စေဖို့ဆိုရင် ယနေ့အဆိုရှင် တင်သွင်းထားတဲ့ အဆိုမှာ အထိုက်အလျောက် အကျိုးပြုလိမ့်မယ်ထင်လို့ ကျွန်တော်ဒီအဆိုကို ထောက်ခံ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

အကြံပြုချက်အနေနဲ့ ကျွန်တော်ပြောချင်တာက လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မဟုတ်တောင် ကျွန်တော်တို့ တောင်ကြီးတို့၊ လားရှိုးတို့နဲ့ နီးစပ်တဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ ပြည်နယ်အဆင့်ကော်မတီများမှာ ပါဝင်နေရင် အထိုက်အလျောက် ပြေလည်လိမ့်မယ်လို့ အကြံပြုလိုပါတယ်။

အခုအချိန်အခါမှာ အဆိုတွေဘယ်လောက်ပဲတင်ခဲ့တင်ခဲ့ ညွှန်ကြားချက်တွေ မည်သို့ပင် ရှိစေကာမူ နယ်မြေတွေမှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်နေပါတယ်။ ကျွန်တော့် အရှေ့က ကိုယ်စားလှယ်များတင်ပြသလိုပဲ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ လုပ်ငန်းဆောင်ရွက် တာ

ပျက်စီးလို့ မြို့နယ်အဆင့်ဌာနဆိုင်ရာက blacklist သွင်းထားတဲ့ ကုမ္ပဏီဟာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှာ တင်ဒါပြန်အောင်နေတာကို ကျွန်တော်တို့ စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။ အဲ့ဒီလိုပဲ တစ်ချို့သော ကုမ္ပဏီများဟာဆိုရင်လည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲနှင့် သော်လည်းကောင်း၊ ရင်းနှီးမှုကြောင့်မို့လား ဒါမှမဟုတ် ဘယ်လို ပတ်သက်မှုကြောင့်မို့လည်း ကျွန်တော်တို့ မသိဘူး။ ဖြစ်စဉ်လေးတစ်ခုကို ကျွန်တော် အနည်းငယ် တင်ပြချင်ပါတယ်။ ကုမ္ပဏီက ကွင်းဆင်းရမဲ့သူဟာ တာဝန်ရှိသူ ကုမ္ပဏီက မလာပါဘူး။ အဲ့ဒီ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းကြီးတစ်ခုရဲ့ ရွာလေးမှာရှိတဲ့ အဖွဲ့အစည်းဝင် လက်အောက်ငယ်သားက နယ်မြေမှာ ကွင်းလာဆင်းပါတယ်။ ကွင်းလာဆင်းတဲ့အခါမှာ ကျတော့ သူသည်ကုမ္ပဏီမှာ တာဝန်ရှိတဲ့သူ မဟုတ်သည့်အတွက် ဒေသခံ တွေက ကန့်ကွက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ မသိလိုက်ပေမဲ့ တင်ဒါက အောင်လာခဲ့တယ်။ အဲ့သလို ကိစ္စမျိုးတွေမဖြစ်အောင်ဆိုရင်တော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **"ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးကော်မတီနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်း ပေးရန် တိုက်တွန်းကြောင်း"** အဆိုဟာ အနည်းငယ်သော အထိုက်အလျောက်တော့ ဖြစ်ပါလိမ့်မယ်လို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက အကြံပြုဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်

အစိုးရ အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်းဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အချက်(၄)ချက် တင်ပြဆွေးနွေးလိုပါတယ်။

ပထမအချက်အနေဖြင့် နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)အရ တင်ဒါကော်မတီ (၄)ရပ်ဖွဲ့စည်းမှု သတ်မှတ်ချက်ကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ တင်ဒါကော်မတီ (၄)ရပ်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)တွင် (၁) "တင်ဒါကော်မတီ"၊ "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ"၊ "တင်ဒါ လက်ခံရေးနှင့် စိစစ်ရေး ကော်မတီ"၊ "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" စသည့်ကော်မတီ (၄)ရပ်အား ဖွဲ့စည်းရာ၌ **"တင်ဒါကော်မတီ"**တွင် ဆောင်ရွက်မည့်လုပ်ငန်း များ၏ ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအပေါ်တွင် မူတည်၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့်သူသာကွဲပြားပြီး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်း၏ အကြီးအကဲများ၊ သက်ဆိုင်ရာဌာန နှင့်ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရမည်ဟူ၍ လည်းကောင်း၊ **(၂) "ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ"**တွင် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး(၃)ဦး ပါဝင်ဖွဲ့စည်း ရမည်ဟူ၍လည်းကောင်း၊ (၃) **"တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ"**တွင် သက်ဆိုင်ရာ **ဌာန**၏ ကိုယ်စားလှယ်များအပြင် ဆက်စပ်**ဌာန**များမှ ကိုယ်စားလှယ် အနည်းဆုံး(၃)ဦးမှ အများဆုံး(၅)ဦးအထိပါဝင် ဖွဲ့စည်း ရမည်ဟူ၍ လည်းကောင်း၊ (၄) **"အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ"**တွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းမှ ကိုယ်စားလှယ် အနည်းဆုံး (၃)ဦးဖြင့် ပါဝင်ဖွဲ့စည်း ရမည်ဟူ၍ လည်းကောင်း ညွှန်ကြားထားရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်း ပူးပေါင်း ရေးကော်မတီရဲ့ ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်ကို တင်ပြခြင်းဖြစ်ပါတယ်။ (၉-၉-၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်း ပူးပေါင်းရေးကော်မတီ၏ သဘောထားမှတ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အပိုဒ်(၁၃)တွင် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ **"သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်း စီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် လူပုဂ္ဂိုလ်၊ ဌာန/ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်”**ဟု ပြင်ဆင်ပြဋ္ဌာန်း အတည်ပြု ထားတာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် တင်ပြခဲ့တဲ့အချက်(၂)ချက်နှင့်အညီ ဆောင်ရွက်နေခြင်းကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ဒါဖွင့်ပွဲများ၌ တင်ပြခဲ့သလို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားခြင်း၊ ဈေးနှုန်းယှဉ်ပြိုင်ဇယားများတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုလက်မှတ်ရေးထိုးပေးခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါဖွင့်ပွဲများအား ဆောင်ရွက် ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အကယ်၍ ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ/ အဖွဲ့အစည်းများရဲ့ တင်ဒါကော်မတီ (၄)ရပ် ဖွဲ့စည်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်ခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အား စောင့်ကြည့်ကြပ်မတ်ခြင်း (Check and balance power)ကို အားနည်းသွားစေမှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်အနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ တွင် တင်ဒါကော်မတီများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်း ဖွဲ့စည်းရမည်ဟု ညွှန်ကြားချက်တွင် ပါဝင်ခြင်းမရှိသေးတာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါ ကျွန်တော်တင်ပြ ခဲ့သည့် အချက်(၄)ချက်တွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ လတ်တလောအခြေအနေ အမှန်များကို လွှတ်တော်က သိရှိပြီး ထည့်သွင်းဆင်ခြင်သုံးသပ်နိုင်ရန် ပကတိ အရှိတရားကို တင်ပြခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပင်းတယမြို့နယ် မဲဆန္ဒနယ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **“ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံ**

**ရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း**”အဆိုကို မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင်က ယင်းအဆိုကိုမှတ်တမ်းအဖြစ် မှတ်တမ်းတင်ထားရန် အကြံပြုဆွေးနွေး ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (စ)နှင့် (ဆ) အရ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်မှ နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေး နိုင်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁/ ၂၀၁၇ သည် ညွှန်ကြားချက်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်မဟုတ်ပါ၊ နည်းဥပဒေလည်း မဟုတ်ပါဘူး၊ ဒါနဲ့ ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းချက်မဟုတ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းလို့ ရပါတယ်။ ၁/၂၀၁၇တွင် လွှတ်တော်ကိုယ်စားလှယ်များထည့်ရမည်၊ မထည့် ရမည်ကို အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိပါ။ အနည်းဆုံး(၃)ဦးဆိုတာ တိုးထည့်၍လည်း ရနိုင်ပါတယ်။ လွှတ်တော်၏ အဆုံးအဖြတ်ကိုပဲခံယူပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်မှ ၎င်းအဆိုကို အတည် ပြုပေးရန် လွှတ်တော်၏ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာသည့်အတွက် အဆိုနှင့် စပ်လျဉ်း ပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်သုံးပြီး အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ များရာမဲ ဆန္ဒဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အဆိုကိုအတည်ပြုရန် သဘောတူပါက ထောက်ခံ ဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည်အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ် အဖွဲ့အစည်းဝင် မှတ်ချက်ပြု သည့်အတိုင်း မှတ်တမ်းတင်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

ထောက်ခံဆန္ဒမဲ (၅၁)မဲ၊ ကြားနေ ဆန္ဒမဲ (၃)မဲ၊ ကန့်ကွက်ဆန္ဒမဲ(၆၂)ဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။